Beautiful YUNNAN
BUSINESS
၂၉ ဇန်နဝါရီ - ၄ ဖေဖော်ဝါရီ၊ ၂၀၁၅ Vol.13
Yunnan Daily Press Group
ရန်ကုန်တိုင်းမ် THE YANGON TIMES


# ယူနန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကောင်စစ်ဝန်ချုပ်များ၏
# စိတ်ဝင်စားဖွယ်ကိစ္စများကို မီနီရုပ်ရှင်ဖြင့် ရှင်းလင်းဖော်ပြ





မကြာသေးမီရက်ပိုင်းတွင် "ကျွန်တော်ယူနန်ပြည်နယ်နှင့် အချိန်းရှိသည်– ၂၀၁၅ခုနှစ် ကောင်စစ်ဝန်ချုပ်များ နှစ်သစ်တေးဂီတပုံပြင်ပွဲ"အခမ်းအနားကို ကူမင်းမြို့တွင် ကျင်းပခဲ့သည်။ ကူမင်းမြို့ရှိ မလေးရှားနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် နဲ့စီလီ့ရောမန်၊ ကူမင်းမြို့ရှိ လာအိုနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ပိန်လျန့်ဟုန်အုံစွန်း၊ ကူမင်းမြို့ရှိ ကမ္ဘောဒီးယားနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်စော်ခေါလားတင်၊ ကူမင်းမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဆာဟာနဲ့ဇီ့ ကောဇီ၊ ကူမင်းမြို့ရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဦးအောင်ကျော်ဦး၊ ကူမင်းမြို့ရှိ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဆူချာ့လျန်စန်းထုံး၊ ကူမင်းမြို့ရှိ ဗီယက်နမ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ယွမ်စီဟုန်၊ ကွမ်ကျိုးမြို့ရှိ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ကောင်းကျိယွမ်နှင့် ချိန်ဒူးမြို့ရှိ အမေရိကန်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဒုကောင်စစ်ဝန်ပင်စီရန်တို့က တေးဂီတပုံပြင်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

တေးဂီတပုံပြင်ပွဲတွင် မီနီရုပ်ရှင် (၉)ကားဖြင့် နိုင်ငံအသီးသီးမှ ကောင်စစ်ဝန်ချုပ်များနှင့် ၎င်းတို့၏မိသားစုဝင်များက ယူနန်ပြည်နယ်၌ တာဝန်ထမ်းဆောင်နေထိုင်စဉ်အတွင်း ဖြစ်ပေါ်ခဲ့သည့် စိတ်ဝင်စားဖွယ်ပုံပြင်များကို ဖော်ပြပြီး နိုင်ငံအသီးသီးမှ ကောင်စစ်ဝန်ချုပ်များ အနေနှင့် တရုတ်နိုင်ငံ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ဘက်စုံ ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်အတွက် ဆန္ဒရှိကြောင်း ဖော်ပြလိုက်သည်။

၎င်းအနက် 《မိတ်ဆွေအနံ့ဖွဲ့ကြဖို့၊ တရုတ်စကားတတ်မြောက်စို့》 ကားသည် ကူမင်းမြို့ရှိ မလေးရှားနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် နဲ့စီလီ့ ရောမန်က ယူနန်တိုင်းရင်းသားတက္ကသိုလ်မှ ဆရာများဖိတ်ခေါ်လာ၍ အပတ်စဉ် အင်္ဂါနေ့တိုင်း ကောင်စစ်ဝန်ရုံးရှိ ဝန်ထမ်းအားလုံးကို စုစည်းပြီး တရုတ်ဘာသာစကားသင်ကြားသော ပုံပြင်ကို ဖော်ပြထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ကားသည် ထူးခြားသောရှုထောင့်မှနေ၍ ကောင်စစ်ဝန်ချုပ်က တရုတ်ဘာသာစကား သင်ကြားရာတွင် ဖြစ်ပွားခဲ့သောစိတ်ဝင်စားဖွယ်ကိစ္စအတိုအထွာများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

《ကော်ဖီသည် ဖူးအော်လက်ဖက်နှင့်ကြုံတွေ့ခိုက်》 ကားသည် ကော်ဖီကို အလွန်ကြိုက်နှစ်သက်သော လာအိုကောင်စစ်ဝန်ချုပ် ပိန်လျန့်ဟုန်အုံစွန်းက ယူနန်ပြည်နယ်မှ ထွက်ရှိသော ဖူးအော်လက်ဖက်ခြောက်ကို မည်သို့ပင်နှစ်သက်ပြီး တရုတ်နိုင်ငံ၏လက်ဖက်ယဉ်ကျေးမှုကိုကိုယ်စားပြုသည့် ဖူးအော်လက်ဖက်ခြောက်မှတဆင့် လာအိုနိုင်ငံနှင့်မတူခြားနားသော တရုတ်အတွေးအမြင်များကို တွေ့ရှိခံစားခဲ့ပုံကို ဖော်ပြထားခြင်းဖြစ်သည်။

《ကူမင်းမြို့၌ အခြေချ》 ကားသည် ကောင်စစ်ဝန်ချုပ်စော်ခေါလားတင်နှင့် ၎င်း၏မိသားစုဝင်အားလုံးက တရုတ်နိုင်ငံ၌ အသားကျ နေထိုင်ခဲ့သောပုံပြင်ကို ဖော်ပြလိုက်ခြင်းဖြစ်သည်။ အပတ်စဉ်စနေနေ့၊ တနင်္ဂနွေနေ့ကျတိုင်း စော်ခေါလားတင်သည် သူ့သားနှင့်အတူ အားကစားလေ့ကျင့်ကြပြီး သားအဖနှစ်ယောက်တို့မှ ဆော့ကစားဖလှယ်ကြသော အချိန်ကောင်းကို ခံစားခြင်းဖြစ်သည်။ ညစာစားရာတွင် မိသားစုဝင်များက စုံညီစွာဖြင့် ယူနန်စားကောင်းသောက်ဖွယ်များကို စားသုံးယင်း လုပ်ငန်းကိုင်ငန်းနှင့် နေထိုင်မှုဘဝအကြောင်းကိုလည်း ထွေရာလေးပါး ပြောလေ့ရှိသည်။ လောလောဆယ် စော်ခေါလားတင်၏သားလေးသည် တရုတ်နိုင်ငံတွင် ကျောင်းတက်နေပြီး တရုတ်စကားပြောတတ်နေပြီဖြစ်သည်။ မိသားစုဝင်များကလည်း ယူနန်ပြည်နယ်တွင် လုံးဝအသားတကျနေထိုင်နေကြပြီဖြစ်သည်။

ကူမင်းမြို့ရှိကောင်စစ်ဝန်ချုပ်များအနက် တစ်ဦးတည်းသော အမျိုးသမီးအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံကောင်စစ်ဝန်ချုပ်ဆာဟာနဲ့ဇီ့ကောဇီသည် အနည်းငယ်တည်ကြည်သော သံသမန်ရာထူးအတွက် အနည်းငယ်နူးညံ့လှပစေသည်။ 《နွေဦးမြို့တော်တွင် ဖူးပွင့်လျက်ရှိသောကြာပန်း》 ကားသည် သူမက သွက်လက်သောခန္ဓာကိုယ်၊ တွင်ကျယ်သောစွမ်းဆောင်ရည်ဖြင့် ထူးချွန်လှသည့် အမျိုးသမီးတစ်ဦးအဖြစ် တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဆက်သွယ်ဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးထဲ ပါဝင်ပြီး ယူနန်ပြည်နယ်ရှိ အမျိုးသမီးဆိုင်ရာကိစ္စရပ်များနှင့် နေထိုင်မှုဘဝအကြောင်းများကို အထူးဂရုပြုလျက်ရှိနေသည့် ပုံပြင်ကို ရိုက်ကူးလိုက်ခြင်းဖြစ်သည်။

ကူမင်းမြို့ရှိမြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဦးအောင်ကျော်ဦးနှင့် ၎င်း၏ဇနီးဒေါ်နုနုစိန်တို့သည် ယူနန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေထိုင်စဉ်အတွင်း ယူနန်ပြည်နယ်ကို ကြိုက်နှစ်သက်ရုံသာမက ယူနန်ပြည်နယ်ရှိ အရသာကောင်းသော ယူနန်ဟင်းလျာများကိုလည်း ကြိုက်မိသွားသည်။ 《လျှာဖျားပေါ်က ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး》 သည် ကူမင်း မြို့ရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်လင်မယားတို့က ၎င်းတို့၏တရုတ်၊ မြန်မာမိတ်ဆွေများကို ဖိတ်ခေါ်လာပြီး ယူနန်ဟင်းလျာများကို အတူမြည်းကြကာ ယူနန်ဟင်းလျာ၏နက်နဲလှသောယဉ်ကျေးမှုရသနှင့် ပေါ်များစွာပါရှိသောအာဟာရဓာတ်အကြောင်းတို့ကို မိတ်ဆက်သောပုံပြင်ဖြင့် ရိုက်ကူးလိုက်ခြင်းဖြစ်သည်။

ကူမင်းမြို့ရှိ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဆူချာ့လျန်ဆန်းထုံသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ ယူနန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ်အတွင်း သူသည် ယူနန်အနှံ့ရှိ နာမည်ကျော်ဘုရားကျောင်းများ၊ ဝါရင့်သံဃာတော်များကို သွားရောက်ဖူးမြော်ခဲ့သည်။ ချုံစိန့်ဗုဒ္ဓဘာသာဖိုရမ်စသည့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာဖလှယ်ပွဲများတွင်လည်း အားတက်မာန်ပါ တက်ရောက်ခဲ့ပြီး တရုတ်-ထိုင်းနှစ်နိုင်ငံအကြားရှိ ရိုးရာယဉ်ကျေးမှုဖလှယ်ရန်အတွက် ကြီးမားသောအကျိုးဆောင်မှုပြုလုပ်ခဲ့သည်။ 《ယူနန်၌ ရေစက်ဆုံလို့》 ကားသည် ကူမင်းမြို့ရှိ ထိုင်းနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဆူချာ့ လျန်းဆန်းထုံက ထိုင်းနိုင်ငံနေ့ကို ကူမင်းမြို့၌ နှစ်ကြိမ်ဆက်တိုက် ကျင်းပခဲ့ပြီး တရုတ်-ထိုင်းနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး၊ ကုန်သွယ်ရေးတို့အား ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်ခဲ့သည့်ပုံပြင်ကို ဖော်ပြလိုက်သည်ရုံသာမက ကောင်စစ်ဝန်ချုပ်မှ ဗုဒ္ဓဘာသာအပေါ် ထူးခြားသောနားလည်မှုအတွေးအမြင်များကိုလည်း ရှင်းလင်းဖော်ပြထားခြင်းဖြစ်သည်။

မကြာသေးမီကာလမှပဲ တာဝန်ထမ်းဆောင်သော ကူမင်းမြို့ရှိဗီယက်နမ်နိုင်ငံကောင်စစ်ဝန်ချုပ်ယွမ်စီဟုန်သည် ငယ်စဉ်အခါက အိမ်ပြန်ခဲ့သောလမ်းကို သတိရမိတိုင်း ကွမ်ရှီးပြည်နယ်မှ ဗီယက်နမ်နိုင်ငံသို့ ပေါက်လိုက်သည့်လမ်းမနှင့် ဆက်သွယ်စမြဲဖြစ်သည်။ လောလောဆယ် ၂၀၁၄ခုနှစ် ကူမင်း-ဟော်ခိုရထားလမ်းပြန်လည်ဖွင့်လှစ်ပေးသည်နှင့်အမျှ ကောင်စစ်ဝန်ချုပ်၏ အိမ်ပြန်မည့်လမ်းခရီးသည် ပိုမိုတိုတောင်းလာစေသည်။ 《တောင်နှင့်ပင်လယ်၏ချစ်မေတ္တာ》 ကားတွင် မစ္စတာယွမ်စီဟုန်မှ ပြန်လည်ဖွင့်လှစ်လိုက်သော ယူနန်-ဗီယက်နန် ရထားလမ်းကိုနင်းပြီး ဗီယက်နမ်-ယူနန်အကြားပိုမိုရင်းနှီးသွားစေရန် ယုံကြည်ကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

ထို့ပြင် 《 လေ၊ ပန်း၊ နှင်း၊ လထဲမှ အိန္ဒိယရသနှင့် မမျှော်လင့်ဘဲ ဆုံမိ》 ကားသည်ကွမ်ကျိုးမြို့ရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်မစ္စတာကောင်းကျိယွမ်သည်ယူနန်ပြည်နယ်တာ့လီမြို့တွင် ၂၀၁၄ ခုနှစ် တရုတ်-အိန္ဒိယယောဂကျင့်စဉ် ထိပ်သီးအစည်းအဝေးကို ဆက်သွယ်ဆောင်ရွက်ကျင်းပစေသော ပုံပြင်ကိုလည်းကောင်း၊ 《ရာစုနှစ်ကို ဖြတ်သန်းခဲ့သောရည်းစားစာ》 ကားတွင် ဂျပန်ခုခံရေးစစ်ကာလအတွင်း အမေရိကန်နိုင်ငံ ကျားပျံတပ်ဖွဲ့ဝင် ဖန်နီမှ တရုတ်နိုင်ငံ သူနာပြုဆရာမ ဟွမ်ဟွန်းရှောင်ထံရေးပေးသော ရာစုနှစ်ဖြတ်သန်းခဲ့သည့် ရည်းစားစာဟူသောပုံပြင်ကိုလည်းကောင်း ဖော်ပြထားခြင်းဖြစ်သည်။ တေးဂီတပွဲအခမ်းအနားတွင် ချိန်ဒူးမြို့ရှိအမေရိကန်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဒုကောင်စစ်ဝန် ပင်စီရန်သည် သံယောဇဉ်အပြည့်ဖြင့် အဆိုပါရာစုနှစ်ဖြတ်သန်းခဲ့သည့်ရည်းစားစာကို ရွတ်ဖတ်ခဲ့သည်။ လီရွယ်ချွင်း